ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း

ဗဟိုကြီးကြပ်ရေးအဖွဲ့

ညွှန်ကြားချက်အမှတ် ၂ / ၂၀၂၀

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်)

ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေပုဒ်မ ၄၀ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဗဟိုကြီးကြပ်ရေး အဖွဲ့ ရန်ပုံငွေဆိုင်ရာ ညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်အောက်ပါ အခကြေးငွေများကို သတ်မှတ်ရမည် -

(က) ပြည်ပမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက စီးပွားရေးအကျိုးအမြတ် အလို့ငှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တည်ထောင်ဖွင့်လှစ်သည့် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် အတွက် မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ကြေးနှင့် အခြားအခကြေးငွေများ၊

(ခ) ပြည်ပမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက စီးပွားရေးအကျိုးအမြတ် အလို့ငှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တည်ထောင်ဖွင့်လှစ်သည့် ရပ်ရွာ အခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုကြောင်း ခွင့်ပြုချက်အတွက် နှစ်စဉ်ကြေး။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါအခကြေးငွေများကို သတ်မှတ်ရမည်-

(က) ပြည်တွင်းမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်သည့် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့်အတွက် မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ကြေးနှင့် အခြားအခကြေးငွေများ၊

(ခ) ပြည်တွင်းမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက စီးပွားရေး အကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်သည့် ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုကြောင်း ခွင့်ပြုချက်အတွက် နှစ်စဉ်ကြေး။

၃။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် အပိုဒ် ၁ ပါ အခကြေးငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် အပိုဒ် ၂ ပါ အခကြေးငွေများကိုလည်းကောင်း ဗဟိုကြီးကြပ်ရေးအဖွဲ့ရန်ပုံငွေသို့ပေးသွင်းရာတွင် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၁.၄.၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၅/၂၀၁၇) နှင့်အညီ ဆောင်ရွက်ရမည်။

၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများကို ဗဟိုကြီးကြပ်ရေးအဖွဲ့ရန်ပုံငွေသို့ ပေးသွင်းရာတွင် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း(စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၁.၄.၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၅/၂၀၁၇) နှင့်အညီ ဆောင်ရွက်ရမည်။

၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရှေးဦးအရွယ် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ၌ ဗဟိုကြီးကြပ်ရေးအဖွဲ့ရန်ပုံငွေကို လူမှုဝန်ထမ်း၊

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သုံးစွဲနိုင်သည်။

အမိန့်အရ

4.11.2020

အတွင်းရေးမှူး

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း

ဗဟိုကြီးကြပ်ရေးအဖွဲ့

စာအမှတ်၊ / ဥပဒေ / ၂-၁၉ / ၂၀၂၀

ရက်စွဲ ၊၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ရက်

ဖြန့်ဝေခြင်း-

- နိုင်ငံတော်သမ္မတရုံး၊
- သမ္မတဦးစီးရုံး၊
- ဒုတိယသမ္မတ(၁)ဦးစီးရုံး၊
- ဒုတိယသမ္မတ(၂)ဦးစီးရုံး၊
- ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊
- ပြည်ထောင်စုလွှတ်တော်ရုံး၊
- ပြည်သူ့လွှတ်တော်ရုံး၊
- အမျိုးသားလွှတ်တော်ရုံး၊
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊
- နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊
- ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊
- ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊

- ပြည်ထောင်စုရှေ့နေချုပ်ရုံး၊
- ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊
- ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊
- နေပြည်တော်ကောင်စီရုံး၊
- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊
- လူမှုဝန်ထမ်းဦးစီးဌာန၊
- ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များအားလုံး၊
- ပြည်ထောင်စုနယ်မြေ၊တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများအားလုံး၊
- ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဝန်ထမ်းရုံးများအားလုံး၊
- တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး၊
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊
- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊
- ညွှန်ကြားရေးမှူးချုပ်
  ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်း အပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်

မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

မိတ္တူကို-

(၁) ရုံးလက်ခံ

(၂) မျှောစာတွဲ

(၃) စာတွဲအမှတ်၊ ၉၉၉/၁-၂/၂၀၂၀။